# Fourteenth Sunday in Ordinary Time

**1st READING: *Isaiah 66:10-14***

ယေရှာယအနာဂတ္တိကျမ်း ၆၆း ၁၀–၁၄

ယေရုရှလင်မြို့ကိုချစ်သောသူအပေါင်းတို့၊သူနှင့်အတူဝမ်းမြောက်ကြလော့။ယေရုရှလင်မြို့အတွက်စိတ်မသာညည်းတွားသောသူအပေါင်းတို့၊သူနှင့်အတူအလွန်ဝမ်းမြောက်ကြလော့။သို့ပြုလျှင်၊သူ၏ချမ်းသာခြင်းသားမြတ်ကိုစို့၍ဝကြလိမ့်မည်။ သူ၏စည်းစိမ်ကြွယ်ဝခြင်းအထဲကထုတ်ယူ၍မွေ့လျော်ကြလိမ့်မည်။ထာဝရဘုရားမိန့်တော်မူသည်ကား၊မစ်ကဲ့သို့ချမ်းသာကိုငင်း၊ စီးသောရေကဲ့သို့တပါးအမျိုးသားတို့၏စည်းစိမ်ကိုငင်းယေရုရှလင်မြို့သို့ငါရောက်စေမည်။သင်တို့သည်သားမြတ်ကိုစို့၍ခါး၌ချီခြင်း၊ ဒူးပေါ်မှာမြှူခြင်းကိုခံစားရကြလိမ့်မည်။အမိသည်သားငယ်ကိုနှစ်သိမ့်စေသကဲ့သို့၊သင်တို့ကိုငါနှစ်သိမ့်မည်။ ယေရုရှလင်မြို့၌ချမ်းသာရကြလိမ့်မည်။ထိုသို့တွေ့မြင်သဖြင့်၊သင်တို့၏နှလုံးသည်ရွှင်မြူး၍အရိုးတို့သည်စိမ်းလန်းသောအပင်ကဲ့သို့သန်ကြလိမ့်မည်။ထာဝရဘုရားလက်တော်သည်လည်းကျွန်တော်တို့အားငင်း၊အမျက်တော်သည်ရန်သူတို့အားငင်းထင်ရှားလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms 66: 1-3, 4-5, 6-7, 16, 20
## ဆာလံကျမ်း ၆၆

**သံပြိုင်။** ။ **ကမ္ဘာမြေကြီးတစ်ဝှမ်းဘုရားသခင်ကိုရွှင်လန်းဝမ်းမြောက်ခြင်းနှင့်ကြွေးကြော်လော့။**
***Let all the earth cry out to God with joy.***

၁။ ။ ကမ္ဘာမြေကြီးတစ်ဝှမ်းဘုရားသခင်ကိုရွှင်လန်းဝမ်းမြောက်ခြင်းနှင့်ကြွေးကြော်လော့။ ကိုယ်တော့်နာမတော်၏ ဘုန်းဂုဏ်တော်ကိုသီဆိုဧကျူးလော့။ ကိုယ်တော်ရှင်အားဘုန်းဂုဏ်တော်နှင့်ချီးမွမ်းထောမနာပြုခြင်းကိုဆက်ကပ်ပူဇော်လော့။ ဘုရားသခင်အားလျှောက်ထားရမည်မှာကိုယ်တော်၏အမှုတော်တို့သည်မည်မျှလောက်ဆန်းကြယ်လှပါသနည်း။ **(သံပြိုင်)**
*Shout joyfully to God, all the earth, sing praise to the glory of his name; proclaim his glorious praise. Say to God, “How tremendous are your deeds!”*

၂။ ။ ကမ္ဘာတစ်ဝှမ်းလုံးသည်ကိုယ်တော်ထံတော်တွင်ဦးညွှတ်ပျပ်ဝပ်တွားကြပါ၏။ ကိုယ်တော့်ကိုချီးမွမ်းဧကျူးကြ၏။ ကိုယ်တော့်၏နာမတော်ကို ချီးမွမ်းဧကျူးကြ၏ဟူ၍တည်း။ ဘုရားသခင်ပြုတော်မူသောအမှုတော်ကိုလာ၍၊ ကြည့်ကြလော့။ လူတို့အတွက်ကိုယ်တော်၏ဆောင်ရွက်ချက်များသည်မည်မျှလောက်ဆန်းကြယ်ပါသနည်း။ **(သံပြိုင်)**
*“Let all on earth worship and sing praise to you, sing praise to your name!” Come and see the works of God, his tremendous deeds among the children of Adam.*

၃။ ။ ကိုယ်တော်သည်ပင်လယ်ကိုခြောက်သွေ့သောကုန်းမြေအဖြစ်သို့ပြောင်းလဲခဲ့ပြီး၊ သူတို့သည်မြစ်ကိုခြေလျင်ဖြတ်ကူးခဲ့ကြ၏။ လာကြ၊ ကိုယ်တော်၌ရွှင်လန်းဝမ်းမြောက်ကြကုန်စို့။ ကိုယ်တော်သည်မိမိ၏ဘုန်းတန်ခိုးတော်နှင့်အစဉ်အမြဲအုပ်စိုးတော်မူ၏။ **(သံပြိုင်)**
He has changed the sea into dry land; through the river they passed on foot; therefore let us rejoice in him. He rules by his might forever.

၄။ ။ ဘုရားသခင်ကိုကြောက်ရွံ့သူအပေါင်းတို့လာကြ၍၊နားထောင်ကြလော့။ကိုယ်တော်သည်ငါ့အဖို့မည်သို့ပြုတော်မူခဲ့ကြောင်းသင်တို့အားငါပြောပါရစေ။ ထာဝရဘုရားအားချီးမွမ်းထောမနာရှိပါစေ။ ကိုယ်တော်သည်ငါ၏ဆုတောင်းပတ္ထနာကိုငြင်းပယ်တော်မမူ။ သို့မဟုတ်ကိုယ်တော်၏မေတ္တာတော်ကိုငါ့ထံမှရုတ်သိမ်းတော်မမူခဲ့ပေ။ **(သံပြိုင်)**
Hear now, all you who fear God, while I declare what he has done for me. Blessed be God who refused me not my prayer or his kindness!

## 2nd READING: *Galatians 6:14-18*

ဂါလာတိဩဝါဒစာ ၆း၁၄–၁၈

ငါတို့သခင်ယေရှုခရစ်တော်၏လက်ဝါးကပ်တိုင်တော်အတွက်မှလွဲ၍အခြားအရာများအတွက်ဂုဏ်ယူဝါကြွားခြင်းသည်ငါနှင့်ဝေးပါစေ။ ခရစ်တော်အားဖြင့်ကမ္ဘာလောကသည်ငါ့အတွက်လက်ဝါးကပ်တင်အသတ်ခံထားပြီးဖြစ်သကဲ့သို့ငါသည်လည်းကမ္ဘာလောကအတွက်ထိုနည်းတူပင်ဖြစ်၏။ အရေဖျားလှီးခြင်းခံသည်၊ မခံသည်မှာအရေးမကြီးပေ။ အသစ်တဖန်ဖန်ဆင်းခံရခြင်းသည်သာအရေးကြီးပေသည်။ ဤလမ်းစဉ်ကိုလျှောက်လှမ်းသူတို့နှင့်ဘုရားသခင်၏အစ္စရေးလူမျိုးတော်အပေါ်သို့ငြိမ်းချမ်းခြင်းနှင့်ကရုဏာတော်သက်ရောက်တော်မူပါစေ။ ယခုမှစ၍ငါ့ကိုမည်သူမျှမနှောင့်ယှက်ပါစေနှင့်။ အကြောင်းမူကား ငါသည်သခင်ယေရှု၏အမှတ်အသားများကိုယ်ခန္ဓာတွင်ဆောင်ထား၏။ ညီအစ်ကိုတို့ ငါတို့သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်သည်သင်တို့၏စိတ်နှလုံးတွင်တည်ရှိတော်မူပါစေသော။ အာမင်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## **GOSPEL:** ***Luke 10:1-12, 17-20***

ရှင်လုကာဧဝံဂေလိကျမ်း  ၁၀း၁–၁၂  ၁၇–၂၀

ထို့နောက်ကိုယ်တော်သည်အခြားသောတပည့်တော်ခုနစ်ဆယ်နှစ်ပါးတို့ကိုရွေးကောက်တော်မူ၍၊ကိုယ်တော်တိုင်ကြွတော်မူမည့်မြို့ရွာအသီးသီးသို့နှစ်ယောက်စီတွဲလျက်ကြိုတင်စေလွှတ်တော်မူ၏။ ကိုယ်တော်ကရိတ်သိမ်းစရာအသီးအနှံများစွာရှိ၏။ လုပ်ဆောင်သောသူတို့မူကားနည်းကြ၏။ထို့ကြောင့်မိမိလယ်ခင်းသို့လုပ်သားများစေလွှတ်ပေးပါမည့်အကြောင်းလယ်ခင်းရှင်ကိုတောင်းလျှောက်ကြလော့၊သွားကြလော့၊ဝံပုလွေတို့အလယ်၌သိုးငယ်များကဲ့သို့သင်တို့ကိုငါစေလွှတ်၏။ ပိုက်ဆံအိတ်ကိုလည်းကောင်း၊လွယ်အိတ်ကိုလည်းကောင်း၊ဖိနပ်ကိုလည်းကောင်းသင်တို့ယူဆောင်မသွားကြနှင့်။လမ်းမှာလည်းမည်သူ့ကိုမျှနှုတ်မဆက်ကြနှင့်။ မည်သည့်အိမ်သို့မဆိုသင်တို့ဝင်ကြသောအခါ ဤအိမ်၌ငြိမ်းချမ်းသာယာခြင်းရှိပါစေဟုရှေးဦးစွာနှုတ်ဆိတ်ကြလော့။ ငြိမ်းချမ်းသာယာခြင်းကိုလိုလားသောသူထိုနေရာ၌ရှိလျှင်သင်တို့၏ငြိမ်းချမ်းသာယာခြင်းသည်သူ့အပေါ်သို့သက်ရောက်လိမ့်မည်။ သို့မဟုတ်ပါလျှင်သင်တို့ထံသို့ပြန်ရောက်လာလိမ့်မည်။သင်တို့သည်ထိုအိမ်တွင်နေ၍သူတို့တည်ခင်းကျွေးမွေးသမျှကိုစားသောက်ကြလော့။ အကြောင်းမူကား၊အလုပ်လုပ်သောသူသည်မိမိလုပ်ခကိုရထိုက်၏။ တစ်အိမ်မှတစ်အိမ်သို့မရွှေ့ပြောင်းကြနှင့်။ မည်သည့်မြို့ရွာမဆိုသင်တို့ဝင်ကြ၍၊သင်တို့ကိုလက်ခံကြလျှင်သင်တို့ရှေ့တွင်တည်ခင်းကျွေးမွေးသမျှကိုသင်တို့စားကြလော့။ထိုအရပ်မှာရှိသောလူနာများကိုရောဂါပျောက်ကင်းစေကြ၍၊ဘုရားသခင်၏နိုင်ငံတော်သည်သင်တို့နှင့်နီးလာပြီဟုသူတို့အားဆိုကြလော့။သို့ရာတွင်မည်သည့်မြို့ရွာမဆိုသင်တို့ဝင်ကြ၍၊သင်တို့ကိုလက်မခံကြလျှင်လမ်းများပေါ်သို့ထွက်ပြီးငါတို့ခြေတွင်ကပ်ပါလာသောသင်တို့မြို့မှမြေမှုန့်ကိုငါတို့ခါချလေပြီ။ သို့သော်ဘုရားသခင်၏နိုင်ငံတော်သည်နီးလာပြီကိုသိကြလော့ဟုသင်တို့ဆိုကြရမည်။ သင်တို့အားငါဆိုသည်ကား၊ တရားစီရင်သောနေ့၌ဆီဒုံမြို့သည်ထိုမြို့ထက်သာ၍သနားညှာတာခြင်းကိုခံရလိမ့်မည်။ တပည့်တော်ခုနစ်ဆယ်ပါးတို့သည်ဝမ်းမြောက်ဝမ်းသာပြန်လာကြ၍သခင်ဘုရား၊ကိုယ်တော်၏နာမတော်၌တပည့်တော်တို့သည်နတ်ဆိုးတို့ကိုပင်နှိမ်နင်းနိုင်ခဲ့ပါသည်ဟုလျှောက်ကြ၏။ကိုယ်တော်ကလည်းစာတန်သည်လျှပ်စစ်နွယ်ကဲ့သို့ကောင်းကင်မှကျသည်ကိုငါမြင်ရ၏။ကြည့်လော့။မြွေဆိုးများကင်းမီးကောက်များနှင့်ရန်သူ၏အစွမ်းရှိသမျှကိုခြေဖြင့်နင်းနိုင်သောအခွင့်အာဏာကိုသင်တို့အားငါပေးအပ်ထားသောကြောင့်မည်သည့်အရာကမျှသင်တို့ကိုထိခိုက်စေလိမ့်မည်မဟုတ်။သို့သော်သင်တို့သည်နတ်ဆိုးများကိုနှိမ်နင်းနိုင်ခြင်းကြောင့်ဝမ်းမြောက်ဝမ်းသာမဖြစ်ကြလေနှင့်။ သင်တို့၏အမည်နာမများကိုကောင်းကင်၌ရေးထားလျက်ရှိခြင်းကြောင့်ဝမ်းမြောက်ကြလော့ဟုမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။